# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ–၃၈၀)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 12 August 2025 ၁၁၉၀၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ဈာပနအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ဈာပနအခမ်းအနားအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်နှင့် တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)တို့၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ဈာပနအခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ပြန်တမ်းအား ဖတ်ကြားစဉ်။

## ယနေ့ ဖတ်စရာ


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက လက်မှတ်ရေးထိုး**
စာမျက်နှာ » ၆

**နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**
စာမျက်နှာ » ၈

**ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏ မဲရလဒ်**
ဆောင်းပါး စာမျက်နှာ » ၁၀

# ကောင်းမွန်သည့်လူငယ်စွမ်းပကားဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆီသို့

ယနေ့လူငယ်များသည် နောင်ဝယ်လူကြီးဖြစ်ပြီး မိမိအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်ကြမည့်သူများဖြစ်သည်။ လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ်များဖြစ်ကြရာ လူငယ်လူရွယ်များ၏ စွမ်းပကား၊ ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်ဓာတ်ခွန်အားများ တိုးတက်တောက်ပြောင် ကောင်းမွန်လာအောင် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးကြရမည်ဖြစ်သည်။ လူငယ်များအား မြေတောင်မြှောက်မြှင့်တင်ပေးနိုင်မှ နိုင်ငံ့အနာဂတ် ကောင်းမွန်မည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့" (Local Youth Actions For The SDGs And Beyond) ဆောင်ပုဒ်ဖြင့် အသိပေးထားသည်။ လူငယ်များ၏ စွမ်းပကားသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သောပန်းတိုင်ဆီသို့ ဦးတည်နေသည်။ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည့်မျိုးဆက်များဖြစ်သောကြောင့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှသည့် လူငယ်လူရွယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။

နိုင်ငံတကာတွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိသူများကို လူငယ်ဟု သတ်မှတ်ပြီး မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိသူများကို လူငယ်ဟု သတ်မှတ်ထားသည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေစာရင်းအရ လူငယ် ၁၆ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ လူငယ် ၃၅ ရာခိုင်နှုန်းခန့်ရှိသည်။ ထို့ကြောင့် နိုင်ငံတကာနှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံရှိ လူငယ်ရာခိုင်နှုန်းမှာ များပြားသည်ဟုဆိုနိုင်သည်။ အဆိုပါလူငယ်များကို ကောင်းမွန်စွာပျိုးထောင်ပေးနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် တန်ဖိုးရှိစွာအသုံးပြုနိုင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် အထောက်အကူပြုမည်ဖြစ်သည်။

သို့သော် နိုင်ငံ၏နောက်ခံသမိုင်းကြောင်းနှင့် ဖြစ်ထွန်းနေမှုအခြေအနေများအရ လူငယ်လူရွယ်များ၏ အခန်းကဏ္ဍကို အပြည့်အဝအသုံးမပြုနိုင်သည်ကို တွေ့ရသည်။ လွတ်လပ်ရေးနှင့်အတူဖြစ်ပေါ်လာသည့် နိုင်ငံရေးပယောဂများ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် လူငယ်များ၏အနာဂတ်များ မှေးမှိန်မှုန်ဝါးနေသလို ခေတ်ရေစီးကြောင်းအရ စိန်ခေါ်မှုများစွာရှိနေသည်ကို တွေ့မြင်နိုင်သည်။ ပဋိပက္ခများနှင့် အလုပ်အကိုင်အခွင့်အလမ်းပြဿနာများအရ လူငယ်များ ပညာကိုဆုံးခန်းတိုင်အောင် မသင်ယူနိုင်မှုနှင့် နိုင်ငံရေးပယောဂနှင့် ပတ်ဝန်းကျင်ရိုက်ခတ်မှုအရ လမ်းမှားရောက်သည့် လူငယ်များလည်းရှိနေသည်။ နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ လူငယ်များအတွက် ကောင်းကျိုးဆိုးပြစ်များရှိလာသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက လူငယ်များအား နယ်ပယ်အလိုက် အားပေးမြှင့်တင် ဆောင်ရွက်ပေးနိုင်မှုများကြောင့် လူငယ်စွမ်းပကားများဖြင့် နိုင်ငံ့အကျိုး မြှင့်တင်ဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။ ပညာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍတို့တွင် လူငယ်လူရွယ်များ၏ စွမ်းပကားများ တိုးတက်ခိုင်မာ အားကောင်းလာသည်ကိုတွေ့ရသည်။ လောကတွင် ရုပ်ပိုင်းဆိုင်ရာကို ချက်ချင်းတည်ဆောက်နိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာကို ကာလတစ်ခု၊ မျိုးဆက်တစ်ခုမက ပြုစုပျိုးထောင်တည်ဆောက်ရသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် ရေရှည်ရင်းနှီးမြှုပ်နှံရမည်မှာ လူငယ်ကဏ္ဍဖြစ်ပြီး လူငယ်ကဏ္ဍကို အခြေခံပညာကျောင်းများမှ စတင်ပျိုးထောင်လျက်ရှိသည်။

သို့ဖြစ်ရာ လူငယ်လူရွယ်များကို ငယ်စဉ်ကပင် စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခြင်း၊ အသိဉာဏ်ပညာနှင့် ပြည့်စုံစေရန် စာပေဖတ်ရှုသည့်အလေ့အထ ထူထောင်ပေးခြင်း၊ စာပေမှတစ်ဆင့် ဆွဲဆောင်စည်းရုံးခြင်း၊ လူငယ်များ စုဝေးဆွေးနွေးဆောင်ရွက်ခြင်း၊ လူငယ်အားကစားအမျိုးမျိုးတို့ကို ကဏ္ဍအလိုက် အားပေးမြှင့်တင်ဖြည့်ဆည်းပေးခြင်း၊ ဝါသနာပါရာလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ပိုင်းဝန်းပံ့ပိုးပေးခြင်း၊ နည်းပညာများကို အကျိုးရှိထိရောက်စွာ အသုံးချစေခြင်း၊ အများအကျိုးဆောင်ရွက်လိုစိတ်များ တိုးပွားလာစေရန် ဖန်တီးပေးခြင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုနှင့်ကိုက်ညီသည့် ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်စံနှုန်းများ တိုးပွားလာအောင် ဆောင်ကြဉ်းပေးခြင်း စသည်တို့ကို ပျိုးထောင်ပေးပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ပန်းတိုင်သို့ တက်လှမ်းနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ ဆရာမတွေကို အဓိကထား ခြိမ်းခြောက် သတ်ဖြတ်နေတဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍အပတ်စဉ် သတင်းထုတ်ပြန်ချက် (၁၁-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# ၁၁- ၈ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၀၀၀ | ၆၆ | ၄၆၂,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၀၀ | ၄,၁၀၀ | ၁၂,၇၁၆,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁၅ | ၁၁၅,၅၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၁၉၀ | ၃၅၁,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၅၀ | ၂၇၂ | ၇၂၀,၃၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁,၁၁၀ | ၁,၈၀၆,၀၀၀ |
| AMATA | ၃,၄၅၀ | ၃,၄၀၀ | ၁၅၉ | ၅၁၀,၈၅၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁၅၂ | ၄၈၈,၈၀၀ |
| MADPL(PLB) | ၂,၉၀၀ | ၂,၉၀၀ | ၂၁၀ | ၆၀၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဌ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

★ **ရှေ့ဖုံးမှ**

အဆိုပါ နိုင်ငံတော်ဈာပနအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသည့်ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်သမ္မတ (ငြိမ်း)ဦးသိန်းစိန်၊ ဒုတိယသမ္မတ (ငြိမ်း)များဖြစ်ကြသည့် သီဟသူရ တင်အောင်မြင့်ဦးနှင့် ဦးညာဏ်ထွန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အငြိမ်းစား အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊အငြိမ်းစားပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ထံမှ သံဝေဂကထာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့် ဇနီးတို့က ကြည့်ရှုဂါရဝပြုကြစဉ်။

ဦးစွာ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား စစ်ရေးပြအခမ်းအနားဖြင့် ရုပ်ကလာပ်တင်ဆောင်မည့်နေရာသို့ သယ်ဆောင်ကြပြီး နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ ဒုတိယသမ္မတ(ငြိမ်း)များ ဖြစ်ကြသည့် သီဟသူရ တင်အောင်မြင့်ဦးနှင့် ဦးညာဏ်ထွန်း၊ အငြိမ်းစား အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ မိသားစုဝင်များက ကြည့်ရှုဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော်ဈာပနအခမ်းအနား ကျင်းပမည့် ငြိမ်းအေးဇရပ်သို့ရောက်ရှိကြပြီး ငြိမ်းအေးဇရပ်အတွင်းရှိ ကလာပ်တွင် ပြင်ဆင်ထားရှိသည့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ နိုင်ငံတော်ဈာပန အခမ်းအနားသို့ တက်ရောက်လာကြသူများသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ဆိုပွားများချီးမြှင့်တော်မူကြသည့် “သဗ္ဗေ သင်္ခါရာ အနိစ္စာတိ” အစချီသည့် သံဝေဂ သုံးဂါထာကို နာယူကြသည်။

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများသည် ကြွရောက်တော်မူကြသည့် သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့်မိသားစုများ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ သံဝေဂကထာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့်မိသားစုများက ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ထပ်မံကြည့်ရှုဂါရဝပြုကြသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ရှစ်ဦးက အမြောက်ယာဉ်ပေါ်သို့ **စာမျက်နှာ ၄ သို့ »»**



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား အငြိမ်းစား အဆင့်မြင့်တပ်မတော်အရာရှိကြီးများ ကြည့်ရှုဂါရဝပြုကြစဉ်။

»»» စာမျက်နှာ ၃ မှ

သယ်ယူ ပို့ဆောင်လာရာ တပ်မတော်ဂုဏ်ပြု သေနတ်အဖွဲ့က နေရာယူကာ သေနတ်မြှောက်၍ အလေးပြုခြင်း၊ သက်ပျောက်ရွှေရေအိုးခွဲခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ် တင်ဆောင်ထားသည့် အမြောက်ယာဉ်နှင့် နိုင်ငံတော်ဈာပနယာဉ်တန်းသည် နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)သို့ ထွက်ခွာရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ မောင်းနှင်လာရာလမ်းတစ်လျှောက်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူလူထုများက ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် ဂါရဝပြုဦးညွှတ်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဈာပနယာဉ်တန်းသည် တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်) သို့ ရောက်ရှိပြီး ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား ဂုဏ်ပြုအခမ်းအနား ကျင်းပမည့် နေရာသို့ ဂုဏ်ပြုစစ်ရေးပြဖြင့် ပို့ဆောင်ကြရာ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီးနှင့်မိသားစုဝင်များ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ပို့ဆောင်ကြသည်။



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွင်းကျန်ရစ်သော ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုကြစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ် တင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်ဈာပနယာဉ်တန်းအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် ဂါရဝပြုဦးညွှတ်နှုတ်ဆက်စဉ်။

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝတ်အသင်းအဖွဲ့များက လိုက်ပါပို့ဆောင်ကြသည်။

ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကို တင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်ဈာပနယာဉ်တန်းသည် နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်မှ ပုဗ္ဗသီရိမြို့ပတ်လမ်းအတိုင်း တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်) သို့ ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ပို့ဆောင်ကြသည်။

၎င်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား ပြည်ထောင်စုဝန်ကြီး ရှစ်ဦးက ရုပ်ကလာပ်တင် စင်ပေါ်သို့ ပို့ဆောင် တင်ဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေး

စာမျက်နှာ ၅ သို့ »»»



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား ပြည်ထောင်စုဝန်ကြီး ရှစ်ဦးက ရုပ်ကလာပ်တင် စင်ပေါ်သို့ ပို့ဆောင် တင်ဆောင်ကြစဉ်။

»»» **စာမျက်နှာ ၄ မှ**
ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများက နေရာယူကြပြီး တပ်မတော်ဂုဏ်ပြု သေနတ်ပစ်အဖွဲ့က ဂုဏ်ပြု စစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်ကာ သေနတ်မြေစိုက် ဦးခိုက်အလေးပြုကြပြီး သေနတ်မြှောက် အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ပြန်တမ်းအားဖတ်ကြားပြီး အမိန့်ပြန်တမ်းအား ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်ထည့်သွင်းထားသော အခေါင်းအတွင်းသို့ ထည့်သွင်းသည်။

ယင်းနောက် တပ်မတော်ဂုဏ်ပြု သေနတ်ပစ်အဖွဲ့က သေနတ် သုံးချက်ပစ်ဖောက်ဂုဏ်ပြုကြပြီး နောက်ဆုံးအကြိမ်အဖြစ် သေနတ်မြှောက်အလေးပြုကာ စစ်ခရာမှုတ်၍ ဂုဏ်ပြုကြသည်။

ထို့နောက် အခမ်းအနားတက်ရောက် လာကြသည့် ကိုရီးယား ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ယူအေအီးနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ လာအိုနိုင်ငံတို့မှ သံအမတ်ကြီးများ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့မှ သံရုံးယာယီတာဝန်ခံများ၊ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး ကိုယ်စား ပထမ အတွင်းဝန်နှင့်

**စာမျက်နှာ ၆ သို့** »»»





ယာယီသမ္မတ ဦးမြင့်ဆွေ၏ရုပ်ကလာပ်အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများက တစ်ဦးချင်းဂါရဝပြုကြစဉ်။

## ကြည့်ရှု ဂါရဝပြု

ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များ ကြည့်ရှုဂါရဝပြုစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ဈာပနအခမ်းအနားတွင် တပ်မတော်ဂုဏ်ပြုသေနတ်ပစ်အဖွဲ့က သေနတ်မြှောက်အလေးပြုကြစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ရုပ်ကလာပ်အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများက တစ်ဦးချင်းအလေးပြုကြစဉ်။

»»» **စာမျက်နှာ ၅ မှ**
မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား စစ်သံရုံးများမှ စစ်သံမှူး ၁၆ ဦးတို့က ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား တစ်ဦးချင်း ဂါရဝပြုကြသည်။

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီးနှင့် မိသားစုဝင်များက နောက်ဆုံးအကြိမ်အဖြစ် ဂါရဝပြုကြပြီး ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား မီးသင်္ဂြိုဟ်စက် အတွင်းသို့ ထည့်သွင်းမီးသင်္ဂြိုဟ်သည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ အရိုးပြာထည့်သွင်းထားသော ကြေွအိုးအား ယာယီသမ္မတ ဦးမြင့်ဆွေ၏သား ဗိုလ်ကြီး ကျော်ဘုန်းမြင့်(ငြိမ်း)က ဦးဆောင်ကာ မိသားစုဝင်များနှင့်အတူ ဂူသွင်းမည့်နေရာသို့ သယ်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စျာပန ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ယာယီသမ္မတဦးမြင့်ဆွေ၏အရိုးပြာ ကြေွအိုးအား ဂူအတွင်းထည့်သွင်း၍ ဂူပိတ်မှုကို ကြည့်ရှုကြသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဂူဗိမာန်အား မိသားစုဝင်များက ဂါရဝပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား အလေးပြုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ လက်မှတ်ရေးထိုး

**နေပြည်တော် သြဂုတ် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေသည် သြဂုတ် ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သြဂုတ် ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာသံရုံးအကြီးအကဲများဖြစ်သည့် ဗီယက်နမ်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Nguyen Cong Son၊ အီဂျစ်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Dr. Ahmed Abdallah Mahmoud Atiya Eltahlawy နှင့် တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးမြင့်ဌေးတို့က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံတမန်များနှင့် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်တို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံတမန်များနှင့် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်တို့က ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် အီဂျစ်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Dr. Ahmed Abdallah Mahmoud Atiya Eltahlawy က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဗီယက်နမ်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Nguyen Cong Son က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးမြင့်ဌေးက ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

# ဝေါမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အထိမ်းအမှတ် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ဝေါ သြဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အထိမ်းအမှတ် ဉာဏစွမ်းရည်ပြိုင်ပွဲများကို အခြေခံပညာအထက်တန်းကျောင်း(ဝေါ)ရှိ သီရိဇေယျာခန်းမ၌ သြဂုတ် ၁၁ ရက်မှစတင်၍ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၂၄ ဦး၊ အလယ်တန်းအဆင့်တွင် ၂၄ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းအဆင့် ၂၄ ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ၂၄ ဦး၊ ပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ၂၄ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မူလတန်းအဆင့် ၂၄ ဦးနှင့် ပုံပြောပြိုင်ပွဲတွင် မူလတန်းအဆင့် ၂၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၆၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဒိုင်ချုပ်များနှင့် ဒိုင်များအဖြစ် ပညာရေးဌာနမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ရာပနအခမ်းအနားကျင်းပမှု ဓာတ်ပုံမြင်ကွင်း















# နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၂/၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟုခေါ်တွင် စေရမည်။

၂။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများနှင့် ယင်းတို့၏ အဓိပ္ပာယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ အလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြေပုံပါရှိသည်။ အရွက် ၁၄ ရွက်စီ ပါဝင်သော သပြေခက်များသည် မြေပုံ၏ တစ်ဖက်တစ်ချက်စီတွင်ပါရှိသည်။ နိုင်ငံတော်မြေပုံသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နယ်နိမိတ်ပုံသဏ္ဌာန်ကို လည်းကောင်း၊ သပြေခက်များသည် အောင်အတိတ်အောင်နိမိတ်ဆောင်ခြင်းကို လည်းကောင်း ကိုယ်စားပြုသည်။

(ခ) သပြေခက်များ၏ တစ်ဖက်တစ်ချက်တွင် အနုပညာမြောက် မြန်မာ့လက်ရာ ကေသရာဇာခြင်္သေ့ တစ်စီးစီရှိသည်။ လက်ဝဲဘက်ရှိ ခြင်္သေ့သည် လက်ဝဲဘက်သို့လည်းကောင်း၊ လက်ယာဘက်ရှိ ခြင်္သေ့သည် လက်ယာဘက်သို့ လည်းကောင်း မျက်နှာမူလျက်ရှိသည်။ ခြင်္သေ့နှစ်စီးသည် အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ ရဲရင့်ခြင်း၊ လုံ့လဝီရိယရှိခြင်းနှင့် ဘေးအန္တရာယ်ဟူသမျှကို ကြီးသည်ငယ်သည် မဟူ တူညီသော အားထုတ်မှုဖြင့် နှိမ်နင်းခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။ ခြင်္သေ့နှစ်စီးကို နိုင်ငံတော်မြေပုံ၏ တစ်ဖက် တစ်ချက်တွင် ရံထားခြင်းမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟူသော စာတမ်းကို နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် အောက်ခြေဖဲပြားပေါ်တွင် ဖော်ပြထားသည်။ ပြည်ထောင်စုဟူသောစာတမ်းကို လက်ဝဲဘက်ရှိ ခြင်္သေ့အောက်တွင်လည်းကောင်း၊ သမ္မတဟူသော စာတမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြေပုံအောက်ရှိ အလယ်ဗဟိုတွင်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဟူသော စာတမ်းကိုလက်ယာဘက်ရှိ ခြင်္သေ့အောက်တွင်လည်းကောင်း ထားရှိသည်။

(ဃ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ ထိပ်တွင် ကြယ်လက်တံငါးခုရှိသော ကြယ်တစ်လုံးသည် အထက်သို့ မတ်မတ်ညွှန်းလျက်ရှိသည်။ ကြယ်သည် ကောင်းကင်၌ ကိုယ်ပိုင်ပကတိအလင်းရောင်ဖြင့် ထင်ရှားသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံအဖြစ် ရပ်တည်သည်ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(င) ကြယ်၏ တစ်ဖက်တစ်ချက်တွင် မြန်မာ့ရိုးရာ ကနုတ်ပန်းများဖြင့် ပုံဖော်ထားသည့် မြန်မာပန်းပုံသဏ္ဌာန်ပန်းခက်ပြားများရှိသည်။ ပန်းခက်ပြားများသည် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်မြင့်မားခြင်းနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(စ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အောက်ခံ အနီရောင်ပေါ်တွင် ရွှေဝါရောင်ဖြင့် ပုံဖော်ထားပြီး တံဆိပ်၏ ကောက်ကြောင်းမျဉ်းများကို အနက်ရောင်ဖြင့် ရေးဆွဲထားသည်။ အနီရောင်သည် ရဲရင့်ခြင်းနှင့်ပြတ်သားခြင်းဟူသောအဓိပ္ပာယ်ကိုလည်းကောင်း၊ ရွှေဝါရောင်သည် မြတ်နိုးတန်ဖိုးထားအပ်ခြင်းဟူသော အဓိပ္ပာယ်ကို လည်းကောင်း ဖော်ညွှန်းသည်။

(ဆ) နိုင်ငံတော်တံဆိပ်နမူနာပုံစံမှာ နောက်ဆက်တွဲပါ အတိုင်းဖြစ်သည်။"

၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ခ)ပါ "ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း" ဆိုသည့် စကားရပ်ကို "ပြောင်းလဲစေရန် ပြင်ဆင်၍ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ(တာဝန်)**

**နောက်ဆက်တွဲ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အထိမ်းအမှတ်တံဆိပ်**




၁။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများ၏ အချိုးအစားသတ်မှတ်ပုံမှာ-

အလျား = ၁.၂ x အနံ

အလျား : အနံ၊ ၃၀ : ၂၅

| အမှတ် | ဖော်ပြချက် |
|---|---|
| (က) | ကြယ်၏ထိပ် |
| (ခ) | ကြယ်၏ဗဟို |
| (ဂ) | ကြယ်၏အောက်အတွင်းထောင့် |
| (ဃ) | ကြယ်အောက်ရှိ ကနုတ်ပန်းထိပ် |
| (င) | မြန်မာနိုင်ငံမြေပုံ၏ မြောက်ဘက်အစွန်း |
| (စ) | မြန်မာနိုင်ငံမြေပုံ၏ အရှေ့ဘက်အစွန်း |
| (ဆ) | မြန်မာနိုင်ငံမြေပုံ၏ အနောက်ဘက်အစွန်း |
| (ဇ) | မြန်မာနိုင်ငံမြေပုံ၏ တောင်ဘက်အစွန်း |
| (ဈ) | သပြေခက် အတွင်းအနား |
| (ည) | သပြေခက် ထိပ်ဖျား |
| (ဋ) | သပြေခက် အပြင်နား |
| (ဌ) | သပြေခက်နှစ်ခက် အခြေချင်းဆုံသည့်နေရာ |
| (ဍ) | အောက်ခြေဖဲပြား အပေါ်အနား |
| (ဎ) | စာလုံးအပေါ်အနား |
| (ဏ) | စာလုံးအောက်အနား |
| (တ) | အောက်ခြေဖဲပြားအောက်အနား |
| (ထ) | အောက်ခြေ၏ဗဟိုမှတ် |
| (ဒ) | အောက်ခြေဖဲပြားအပေါ်ထောင့် |
| (ဓ) | အောက်ခြေဖဲပြားအောက်ထောင့် |
| (န) | ခြင်္သေ့အောက်တွင်ရှိသော ဖဲပြားလက်ဝဲအပေါ်ထောင့် |
| (ပ) | ခြင်္သေ့အောက်တွင်ရှိသော ဖဲပြားလက်ယာအပေါ်ထောင့် |
| (ဖ) | ကြယ်၏နံဘေးရှိ ကနုတ်ပန်းထိပ် |
| (ဗ) | ကြယ်၏နံဘေးရှိ ကနုတ်ပန်းအလယ်ထိပ် |
| (ဘ) | တံဆိပ်၏ဘေးအနားစွန်း ကနုတ်တက်အပေါ်ထိပ် |
| (မ) | တံဆိပ်၏ဘေးအနားစွန်း ကနုတ်ပန်းအောက်ဘက်ထိပ် |
| (ယ) | ခြင်္သေ့ရင်အုံအရှေ့ရှိ ကနုတ်ပန်းအပေါ်ထိပ် |
| (ရ) | ခြင်္သေ့၏အမောက်တက်ထိပ် |
| (လ) | ခြင်္သေ့၏နှာခေါင်းထိပ် |
| (ဝ) | ခြင်္သေ့၏ရင်အုံ |

၂။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် အမှတ်အသားများ၏ အရောင်နှင့် အလင်းစံသတ်မှတ်ချက်များမှာ-




| စဉ် | အမျိုးအစား | သတ်မှတ်ချက် |
|---|---|---|
| (က) | ရွှေဝါရောင်(အနု) | ပင်န်တုန်း ၃၉၄၅ စီ (PANTONE 3945 C) |
| | | အပြာ စီ(C) = ၈ % |
| | | အနီ အမ်(M) = ၁ % |
| | | အဝါ ဝိုင်(Y) = ၁၀၀ % |
| | | အနက် ကေ(K) = ၀ % |
| (ခ) | ရွှေဝါရောင်(အရင့်) | ပင်န်တုန်း ၇၇၅၂ စီ (PANTONE 7752 C) |
| | | အပြာ စီ(C) = ၁၁ % |
| | | အနီ အမ်(M) = ၂၄ % |
| | | အဝါ ဝိုင်(Y) = ၉၈ % |
| | | အနက် ကေ(K) = ၃ % |
| | | အရောင်ရင့်(Shade Colour)= ၀.၁၀ စင်တီမီတာ |
| | | အလင်းစံနှုန်း = ၇၅ % |
| (ဂ) | အနီရောင် | ပင်န်တုန်း ၄၈၅ စီ (PANTONE 485 C) |
| | | အပြာ စီ(C) = ၈ % |
| | | အနီ အမ်(M) = ၉၇ % |
| | | အဝါ ဝိုင်(Y) = ၁၀၀ % |
| | | အနက် ကေ(K) = ၁ % |

## မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

**နေပြည်တော် သြဂုတ် ၁၁**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့နှင့် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် လက်ဝှေ့နှင့် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် လက်ဝှေ့အားကစားသမားများ၏ နည်းစနစ်ပိုင်းနှင့် သက်လုံပိုင်းဆိုင်ရာ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အလေးမလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် အလေးမအားကစားသမားများ၏ ဝိတ်တန်းများအလိုက် နည်းစနစ်ပိုင်းဆိုင်ရာ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး နေ့အလိုက် ရေးဆွဲထားသည့် Training Program များအတိုင်း နည်းပြများက စနစ်တကျ လေ့ကျင့်သင်ကြားရန်၊ အောင်မြင်မှုအခြေခံဖြစ်သော စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား၊ စည်းလုံးမှု၊ စံချိန်၊ စံညွှန်း၊ စံနှုန်း စသည့် “စ”ခုနစ်လုံးနှင့် ပြည့်စုံကောင်းမွန်အောင် ကြိုးစားလေ့ကျင့်ရန်၊ နည်းပြများအနေဖြင့် အားကစားသမားများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်ပြီး ပြုပြင်ပြောင်းလဲ လေ့ကျင့်သင်ကြားရန်နှင့် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသားနည်းပြနှင့် အားကစားအထောက်အကူပြုပစ္စည်း လိုအပ်နေမှုများကို ဖြည့်ဆည်းပေးမည်ဖြစ်ပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိအောင် ကြိုးစားလေ့ကျင့်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# သံအမတ်ကြီး ဦးဇော်ဦး အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဩဂုတ် ၁၂

အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် တီဟီရန်မြို့ရှိ သမ္မတနန်းတော်၌ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာမာဆော့ပါဇက်ရှ်ကီရမ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

■



# ပုသိမ်တက္ကသိုလ်၌ ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ပတ်ဝန်းကျင်ဥပဒေဆိုင်ရာ အသိပညာပေး

ပုသိမ် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တက္ကသိုလ်၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ပတ်ဝန်းကျင်ဥပဒေဆိုင်ရာ အသိပညာများတိုးပွားစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဥပဒေပညာရှင် ပါမောက္ခချုပ် ဒေါက်တာနုနုရီနှင့် ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာတင်ငွေးအိတို့က ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ပတ်ဝန်းကျင်ဥပဒေဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပို့ချသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲအခမ်းအနားသို့ ပုသိမ်တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ဥပဒေဘာသာရပ် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် T & Z Finance Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ3X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD SONG L အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် BYD SEALION 07 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❖ အာရှဖလား ယူ-၁၇ မှ

ခြေစစ်ပွဲကန်စရာမလိုဘဲ တိုက်ရိုက်ကစားခွင့်ပြုထားသည်။ ခြေစစ်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု (G) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် တရုတ် (အိမ်ရှင်)၊ ဘင်္ဂလားဒေ့ရှ်၊ ဘာရိန်း၊ ဘရူနိုင်း၊ တီမော၊ သီရိလင်္ကာ၊ အုပ်စု (B) တွင် ယီမင်၊ လာအို၊ ကာဂျစ္စတန် (အိမ်ရှင်)၊ ကမ္ဘောဒီးယား၊ ဂူအမ်၊ ပါကစ္စတန်၊ အုပ်စု (C) တွင် ဗီယက်နမ် (အိမ်ရှင်)၊ မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင်၊ မြောက်မာရီယာနာကျွန်းစု၊ မကာအို၊ အုပ်စု (D) တွင် အီရန်၊ အိန္ဒိယ (အိမ်ရှင်)၊ ပါလက်စတိုင်း၊ တရုတ်(တိုင်ပေ)၊ လက်ဘနွန်၊ အုပ်စု (E) တွင် ဩစတြေးလျ၊ အီရတ်၊ ဖိလစ်ပိုင်၊ ဂျော်ဒန် (အိမ်ရှင်)၊ ဘူတန်၊ အုပ်စု (F) တွင် ထိုင်း (အိမ်ရှင်)၊ ကူဝိတ်၊ တာ့ခ်မင်နစ္စတန်၊ မွန်ဂိုလီးယား၊ မော်လ်ဒိုက်၊ အုပ်စု (G) တွင် အိုမန်၊ အာဖဂန်နစ္စတန်၊ မြန်မာ (အိမ်ရှင်)၊ ဆီးရီးယား၊ နီပေါအသင်းတို့ ပါဝင်နေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MNL**

# မိုးနဲမြို့နယ်၌ ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ မိတ်ဆက်ရှင်းလင်း

မိုးနဲ ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ၏ ကုန်ထုတ်လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများ မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် မိုးနဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအာကာဖြိုးက လမ်းတံတား၊ ရေပေးဝေရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တင်ဒါအောင် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းများ စတင်ဆောင်ရွက်မည့်အခြေအနေများကို တင်ပြရာ လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး အလေးထား ဆောင်ရွက်သွားရန်နှင့် လုပ်ငန်း လိုအပ်ချက်များအပေါ် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏ မဲရလဒ်

မောင်အိပ်စ်ဇဲ

ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပြည်တွင်းပညာရှင်များ တီထွင်ထုတ်လုပ်ထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များအသုံးပြု၍ ဆန္ဒမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲတွင် မဲရုံအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့်သူများအား “မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း” သင်တန်းများကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

ယခုရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများကဲ့သို့ သမားရိုးကျ မဲလက်မှတ်ဖြင့် မဲပေးရခြင်းမျိုးမဟုတ်ဘဲ မဲပေးစက်တွင် မိမိဆန္ဒပြုလိုသည့် ပါတီ/ကိုယ်စားလှယ်ကို ခလုတ်နှိပ်မဲပေးရခြင်းမျိုးဖြစ်သည့်အတွက် မဲပေးရာတွင်လည်းကောင်း၊ မဲရလဒ်များထုတ်ယူရာတွင်လည်းကောင်း မဲပေးစက်၏ ပွင့်လင်းမြင်သာရှိမှု၊ တိကျမှန်ကန်မှုတို့ကို လေ့လာတင်ပြလိုပါသည်။

## မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံ

မဲပေးစက်ကို စက်အစိတ်အပိုင်းသုံးခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အဆိုပါအစိတ်အပိုင်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်အသုံးပြုရပါသည်။ အစိတ်အပိုင်းများအနက် ဆန္ဒပြုစက် (Ballot Unit – BU)နှင့် မဲပေးချက်ဖော်ပြသည့်စက် (Verification Unit – VU) များသည် မဲဆန္ဒရှင်နှင့် သက်ဆိုင်သော အစိတ်အပိုင်းများဖြစ်ပြီး ထိန်းချုပ်စက် (Control Unit – CU) သည် မဲရုံအဖွဲ့ဝင်များက လုပ်ဆောင်ပေးရမည့် အစိတ်အပိုင်းဖြစ်ပါသည်။

မဲပေးစက်ကို မိုက်ခရိုကွန်ထရိုလာစနစ်ဖြင့် ရိုးရှင်းစွာ တည်ဆောက်ထားပြီး လျှပ်စစ်မီးမရသည့်နေရာများတွင်လည်း သုံးနိုင်ရန် ဘက်ထရီစနစ်ကို အသုံးပြုထားပါသည်။ ထို့အပြင် ကွန်ပျူတာများကဲ့သို့ Window OS စနစ်မပါဝင်ခြင်း၊ Internet, Bluetooth, USB စသည့် External Device များ ချိတ်ဆက်နိုင်သည့်အပေါက်များ မပါဝင်ခြင်းအပြင် မဲပေးစက် အစိတ်အပိုင်းတစ်ခုနှင့်တစ်ခုကို မည်သည့် External Device များ၊ ကြိုးမဲ့ Device များ မချိတ်ဆက်နိုင်စေရန် သီးသန့်တီထွင်ထားပါသည်။ မဲပေးစက်၏ ထိန်းချုပ်စက်တစ်လုံးချင်းကိုလည်း စက်အမှတ် Serial No. များ သတ်မှတ်၍ မဲရုံအလိုက် ဖြန့်ခွဲသည့် စက်နံပါတ်များကို မှတ်တမ်းထားရှိပါသည်။ သို့အတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ မသမာသောနည်းလမ်းဖြင့် မဲပေးခြင်း၊ မဲရလဒ်ထုတ်ယူခြင်း၊ ထိန်းချုပ်စက်လဲလှယ်ခြင်း စသည်တို့ကို လိုသလို ပြင်ဆင်ဆောင်ရွက်၍ မရနိုင်ပါ။

## မဲပေးစက်ဖြင့် မဲပေးခြင်း

ယခင်ရွေးကောက်ပွဲများကဲ့သို့ အမှန်ခြစ်၊ တံဆိပ်တုံးထုခြင်း လွဲမှားမှုကြောင့် ပယ်မဲဖြစ်ခြင်းမျိုးမရှိတော့ဘဲ ဆန္ဒပြုစက်တွင် မီးစိမ်းလေးလင်းပါက မိမိဆန္ဒပြုလိုသော ပါတီ/ ကိုယ်စားလှယ်ကို ရွေးပြီး ဘေးကခလုတ်အပြာလေးကိုနှိပ်ကာ မဲပေးနိုင်ပါသည်။ ထို့နောက် မိမိဆန္ဒပြုခြင်း မှန်၊ မမှန် မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်လာသည့် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကို လေးစက္ကန့်မျှ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ဆန္ဒမဲဖြတ်ပိုင်း မဲပုံးထဲသို့ ကျသွားမှ မဲပေးခြင်းပြီးဆုံးမည်ဖြစ်ပါသည်။ မဲပေးစက်ဖြင့် မဲပေးခြင်းကို ထိုကဲ့သို့ ပွင့်လင်းမြင်သာဖြစ်စေရန် ဆောင်ရွက်ထားရှိပါသည်။ သို့သော် မဲပုံးထဲကျသွားသော ဖြတ်ပိုင်းသည် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းဖြစ်သဖြင့် စတိုးဆိုင်တွင် ဈေးဝယ်သည့်အခါ ငွေရှင်းဘောက်ချာ မှတ်တမ်းယူသကဲ့သို့ ပြန်ယူသွား၍မရနိုင်ပါ။ ယခင် မဲလက်မှတ်နှင့် ဆန္ဒပြုခဲ့စဉ်ကလည်း မဲပေးပြီးပါက မဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်ခဲ့ကြရပါသည်။

## မဲမပေးမီ မဲပေးစက်အား စစ်ဆေးခြင်း

မဲရုံမှူးနှင့် လွှတ်တော်မဲဆန္ဒနယ်အလိုက် ထိန်းချုပ်စက်ကိုင်တွယ်သူများသည် မဲပေးခြင်း မစတင်မီ မဲပေးစက်အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများအား သေချာစွာတပ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးရသည့်အပြင် မဲပုံးအတွင်း ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ ကျန်နေခြင်း ရှိ၊ မရှိ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်တွင် စစ်ဆေးပြီး သတ်မှတ်ပုံစံများ ဖြည့်သွင်း၍ လက်မှတ်ရေးထိုးရပါသည်။ ထို့နောက် စက်အစိတ်အပိုင်းတစ်ခုချင်း၏ သတ်မှတ်နေရာများတွင် လုံခြုံရေးကြိုးများကို ချည်နှောင်ရပါသည်။



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၂ ရက်အထိ ဖွင့်လှစ်စဉ်။

ဆက်လက်၍ “Total” ခလုတ် (မဲပေးပြီးသည့် အရေအတွက် စစ်ဆေးသည့်ခလုတ်)ကို နှိပ်၍ ထိန်းချုပ်စက်တွင် မဲပေးထားမှု လုံးဝမရှိသည့် အနေအထားကို မဲရုံကိုယ်စားလှယ်များအား ပြသရပါသည်။ ထိုသို့ ဆောင်ရွက်ပြီးမှသာ မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ “On/Off” ခလုတ်ကိုနှိပ်၍ မဲရုံကို ဖွင့်ပေးရပါသည်။

## မဲပေးနေစဉ် ထိန်းချုပ်စက်ကိုင်တွယ်သူ၏လုပ်ငန်း

ထိန်းချုပ်စက်ကိုင်တွယ်သူသည် မဲဆန္ဒရှင် လျှို့ဝှက်ဆန္ဒပြုခန်းသို့ ရောက်လျှင် ထိန်းချုပ်စက်ရှိ “Ballot” ခလုတ်ကို နှိပ်၍ မဲပေးခြင်းကို ခွင့်ပြုပေးရပါသည်။ ထိုသို့ ခွင့်ပြုပေးလိုက်သည်နှင့်တစ်ပြိုင်နက် ထိန်းချုပ်စက်ရှိ Display Screen တွင် “Start” ဟူသော စာသားပေါ်လာပြီး မီးစိမ်းလင်း၍ အသံတိုထွက်ပေါ်လာပါသည်။ တစ်ပြိုင်တည်းမှာပင် ဆန္ဒပြုစက်တွင်လည်း မီးစိမ်းလင်းလာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်မဲပေးပြီးပါက ထိန်းချုပ်စက်တွင် အသံတို ထပ်မံထွက်ပေါ်လာပြီး မီးစိမ်းလည်း ပိတ်သွားမည် ဖြစ်ပါသည်။

မဲပေးနေစဉ်အတွင်း ထိန်းချုပ်စက်တွင် “On/Off” “Total” “Ballot” ခလုတ် သုံးခုမှအပ ကျန်ခလုတ်များအား အဖုံးအုပ်၍ လုံခြုံရေးကြိုးဖြင့် ချည်နှောင်ထားခြင်း၊ ဆန္ဒပြုစက်ကိုသာ လျှို့ဝှက်ဆန္ဒပြုခန်းတွင်ထားပြီး ထိန်းချုပ်စက်ကို အများမြင်သာသောနေရာတွင်ထားရှိခြင်းတို့ကြောင့် ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် မသမာသောနည်းလမ်းများ လုပ်ဆောင်၍မရနိုင်ပါ။ ထို့အပြင် နိုင်ငံရေးပါတီများက ခန့်အပ်ထားသော မဲရုံကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် စက်များကို ခင်းကျင်းထားရှိပြီး ၎င်းတို့ကလည်း စောင့်ကြည့်နိုင်မည်ဖြစ်ပါသည်။

## မဲပေးနေစဉ် စစ်ဆေးခြင်းနှင့် မဲရုံပိတ်ခြင်း

မဲပေးနေစဉ်အတွင်း မဲရုံမှူးသည် မဲစာရင်း မှတ်တမ်းစာအုပ်ပါ မဲပေးပြီးအရေအတွက်နှင့် ထိန်းချုပ်စက်ရှိ “Total” ခလုတ်ကိုနှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်းမဲပေးပြီး အရေအတွက်တို့ ကိုက်ညီမှု ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။ မဲပေးခြင်းပြီးဆုံးချိန်တွင် မဲရုံမှူးသည် ထိန်းချုပ်စက်ကိုင်တွယ်သူအား “Total” ခလုတ်ကို နှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်း မဲပေးပြီး အရေအတွက်ကို မှတ်သားစေရပါသည်။

ထို့နောက် မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ “On/Off” ခလုတ်ကိုနှိပ်၍ မဲရုံကိုပိတ်သည်နှင့် နောက်ထပ် မဲပေးခြင်းလုပ်ငန်းများ လုံးဝမဆောင်ရွက်နိုင်တော့ပါ။

## မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု

မဲပေးစက်ဖြင့် မဲပေးရာတွင် မဲဆန္ဒရှင်တစ်ဦးချင်းအနေဖြင့် မိမိခလုတ်နှိပ်ဆန္ဒပြုလိုက်သော ပါတီ/ကိုယ်စားလှယ်လောင်း မှန်၊ မမှန် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကိုကြည့်ရှု၍ ပြန်လည်စိစစ်နိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူက “Ballot” ခလုတ်ကိုနှိပ်၍ ခွင့်ပြုပေးမှသာလျှင် ခလုတ်နှိပ်မဲပေးနိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် “Ballot” ခလုတ်ကိုနှိပ်၍ ခွင့်ပြုပေးခြင်းကို မဲရုံကိုယ်စားလှယ်များ/အများပြည်သူရှေ့မှောက်တွင် လုပ်ဆောင်ပေးရသဖြင့် မသမာမှုတစ်ခုခု လုပ်ဆောင်ပါက ကန့်ကွက်နိုင်ခြင်း၊ မဲရုံမှူးအနေဖြင့် ထိန်းချုပ်စက်ရှိ “On/Off” ခလုတ်ကိုနှိပ်၍ မဲရုံကို ဖွင့်/ပိတ် ပြုလုပ်ပေးခြင်းအပြင် မဲပေးနေစဉ်တွင် “Total” ခလုတ်နှိပ်၍ မဲပေးပြီးသူအရေအတွက်ကို စစ်ဆေးခြင်းမှလွဲ၍ ကျန်လုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့်မရှိခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာမှု ရှိစေရန် ဆောင်ရွက်ထားသဖြင့် မဲထပ်ထည့်ခြင်း၊ မဲအရေအတွက် ပြောင်းလဲစေရန်တို့ကို လုပ်ဆောင်၍ မရနိုင်ပါ။

## မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူခြင်း

မဲရုံမှူးသည် မဲရုံပိတ်ပြီးပါက မဲရုံကိုယ်စားလှယ်များကို မဲပေးစက်ရှိရာသို့ခေါ်ယူ၍ မဲပေးစက်ရှိ လုံခြုံရေးကြိုးများ မူလအခြေအနေအတိုင်း ရှိ၊ မရှိ စစ်ဆေးပြသရပါသည်။ ထို့နောက် ၎င်းတို့ရှေ့မှောက်တွင် “Print” ခလုတ်ကိုနှိပ်ပြီး မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်ရှိလာသော မဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်းကို ထုတ်ယူရပါသည်။ ၎င်းဖြတ်ပိုင်းပါ ပါတီ/ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ရရှိသည့် မဲရလဒ်များကို အများပြည်သူသိရှိစေရန် ကြေညာပေးရသည့်အပြင် မဲရုံကိုယ်စားလှယ်များကိုလည်း ပြသရပါသည်။ ဆက်လက်၍ သတ်မှတ်ပုံစံတွင် မဲရလဒ်များထည့်သွင်းပြီး မဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များအားလုံးက လက်မှတ်ရေးထိုး မှတ်တမ်းထားရှိရမည်ဖြစ်ပါသည်။

## မဲရလဒ်များ ထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှု

မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူခြင်းကို မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာရှိစွာ လုပ်ဆောင်ရခြင်းဖြစ်ပါသည်။ သို့သော် ဤလုပ်ငန်းစဉ်သည် လွယ်ကူမြန်ဆန်သည့်အတွက် မှန်ကန်ပါ့မည်လားဟု သံသယဝင်စရာဖြစ်နိုင်သလို တကယ်ဆို မဲပုံးထဲမှ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများကို ရေတွက်၍ မရဘူးလားဟုလည်း မေးခွန်းများ ရှိလာနိုင်ပါသည်။ မဲပေးစက်ကို တီထွင်ရခြင်း၏ ရည်ရွယ်ချက်များတွင် ယခင်ကဲ့သို့ မဲရုံဝန်ထမ်းများ မဲလက်မှတ်များကို ခိုင်လုံမဲ၊ ပယ်မဲခွဲခြား၍ အချိန်လွန်သည်အထိ တစ်ရွက်ချင်း ရေတွက်ရခြင်း၊ အငြင်းပွားရခြင်းများ မရှိတော့စေရန်ဆိုသည့် အချက်လည်း ပါဝင်ပါသည်။ ယနေ့ခေတ်တွင် လူအား၊ အချိန်အား လျှော့ချလိုသည့်အတွက် နည်းပညာများကို တီထွင်အသုံးပြုနေကြခြင်းဖြစ်သဖြင့် မဲပေးစက်သုံးပြီး အချိန်ကုန်ခံမဲရေတွက်နေရမည်ဆိုပါက တီထွင်အသုံးချမှုများ အလဟဿဖြစ်သွားပါမည်။ ဆန္ဒမဲလက်မှတ်များကို ရေတွက်လိုပါက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကန့်ကွက်လွှာတင်သွင်း၍ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ရရှိမှသာ ရေတွက်နိုင်မည်ဖြစ်ပါသည်။ စာမျက်နှာ ၁၁ သို့ ❂

> ❝ရွေးကောက်ပွဲများမည်သည် မိမိဒေသ၊ မိမိရပ်ရွာ၏အကျိုးကို မိမိတို့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးမည်ဟု ယုံကြည်လက်ခံသော ပုဂ္ဂိုလ်များအား မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ပေးရခြင်းဖြစ်ပါသည်။ ဤသို့ရွေးချယ်ရာတွင် မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ ဆန္ဒမဲတစ်ခုသည် ပယ်မဲအဖြစ် အဟောသိကံမဖြစ်သွားစေရေး၊ မဲမသမာမှုဖြစ်စဉ်များမဖြစ်ပေါ်စေရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်များကို တီထွင်အသုံးပြုရခြင်းဖြစ်❞

# ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့" အခမ်းအနား ကျင်းပ




ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့" အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူငယ်အသိပညာပေးဟောပြောခြင်းနှင့် လူငယ်စကားဝိုင်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းဗီဒီယိုကိုပြသပြီး ဟောပြောခဲ့သူများနှင့် ပါဝင်ဆွေးနွေးခဲ့ကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က "၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးမှု အစီအစဉ်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၁၇)ခု"ပါ "လူငယ်များပါဝင်သည့် တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းဖော်ဆောင်ရေး"၊ "ပညာပြည့်ဝကျန်းမာမှ လူငယ်ဘဝလှပမည်"၊ "စက်မှု၊ စီးပွား၊ နည်းပညာနှင့် လူငယ်များ၏အနာဂတ်"၊ "တရားမျှတသော အခွင့်အလမ်းများဖြင့် တည်တံ့သောငြိမ်းချမ်းရေး တည်ဆောက်မည့် တို့လူငယ်"နှင့် "သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော မြို့ပြနှင့်ကျေးလက်လူငယ်များ၏ လူမှုအသိုက်အဝန်း" ခေါင်းစဉ်များအား အုပ်စုများခွဲ၍ ဆွေးနွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသခြင်းအခမ်းအနားကို ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝရေကန်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ(၁)ခွဲ အင်အား ၁၁၆ ဦး၊ တိုင်းဒေသကြီး အထူးရှာဖွေကယ်ဆယ်ရေး (Light Team)အဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ဝင်များက စက်စွမ်းအားပြည့်မောင်းနှင်ခြင်း၊ Fire Boat ဖြင့် ရေပြင်မီးငြိမ်းသတ်ရေးသရုပ်ပြသခြင်း၊ Intelligent Lifebouy ဖြင့် ရေနစ်သူများအားကယ်ဆယ်ခြင်း၊ Dive Suit ဖြင့် ရေငုပ်၍ ကယ်ဆယ်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မင်္ဂလာဒုံမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အကြို လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အမှတ်(၄) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ရွှေဦးက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သပြေညို ပညာဒါန အကျိုးဆောင်အသင်းမှ အတွင်းရေးမှူး ဆရာဦးနေဆန်းက "လူငယ်နှင့် E-စီးကရက်အန္တရာယ်"၊ မြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ စာရေးဆရာ ငွေစိုး(ရွှေကြန့်မြေ)က "လူငယ်များနှင့် ရသခံစားမှုအနုပညာ"၊ မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသီဟဘော်ဇံက "လူငယ်များနှင့် အင်တာနက်ပေါ်က သတင်းအမှားများ၏ အန္တရာယ်" စသည့် ခေါင်းစဉ်များဖြင့် ဟောပြောပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် အခြေခံပညာ အထက်တန်းကျောင်းမှ Grade-12 ကျောင်းသားကျောင်းသူများအား သိမှတ်စွမ်းရည် မေးမြန်းခြင်းများပြုလုပ်ရာ ပါဝင်ဆွေးနွေးနိုင်သူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

❍ ONE Friday Fights 120 မှ

ယခင်က ဩဂုတ် ၈ ရက်တွင် ကျင်းပရန်စီစဉ်ထားသော်လည်း ကင်ဆန်လက်ခ်၏ ကျန်းမာရေးအခြေအနေကြောင့် တစ်ပတ်နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။ သန့်ဇင်သည် ONE နှင့် လေးပွဲထိုးသတ်ရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးနှစ်ပွဲဆက်တိုက် ရှုံးနိမ့်ထားမှုကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ သန့်ဇင်နှင့် ကင်ဆန်လက်ခ်တွဲဆိုင်းကို Co-Main Event အဖြစ် ကျင်းပမည်ဖြစ်သည်။ စိုးနောင်ဦးနှင့် အောက်ချင်းလေးမှာမူ ONE နှင့် ပထမဆုံးပွဲထိုးသတ်ရခြင်းဖြစ်သည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-ONE**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❂ စာမျက်နှာ ၁၀ မှ

ထို့အပြင် မဲရလဒ်ဖြတ်ပိုင်းတွင် ထိန်းချုပ်စက်နံပါတ်၊ ရွေးကောက်ပွဲကျင်းပသည့် ရက်စွဲ၊ ဖြတ်ပိုင်းထုတ်ယူသည့်အချိန်တို့ ဖော်ပြပါရှိသဖြင့် မဲရုံကိုယ်စားလှယ်များက တိတိကျကျ စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

### တိကျမှန်ကန်သော မဲရလဒ်များ

မဲပေးစက်၏ လုပ်ဆောင်ပုံကို နားလည်လွယ်စေရန် ဥပမာပေးရှင်းပြရမည်ဆိုပါက အမှတ်စဉ် ၁ မှ ၅ အထိ မီးခလုတ် ငါးခုရှိသည်ဆိုပါစို့၊ နံပါတ် ၁ မီးခလုတ်ကို နှိပ်ပါက နံပါတ် ၁ မီးလုံးလင်းပြီး နံပါတ် ၂ မီးခလုတ်ကို နှိပ်ပါက နံပါတ် ၂ မီးလုံးလင်းပါမည်။ သူ့ခလုတ်နှင့် သူ့မီးလုံး မှန်မှန်ကန်ကန်လင်းအောင် လုပ်ထားပါမည်။ ဒီအခြေအနေတွင် မီးခလုတ်တစ်ခုကို ဘယ်နှကြိမ်နှိပ်သည်ဆိုသည်ကို မှတ်ထားသည့် Memory စနစ်လေး ထည့်ထားလိုက်ပါသည်။ မှတ်သားထားသည့် ခလုတ်တစ်ခုချင်းအား နှိပ်သောအကြိမ်အရေအတွက်ကို စာရွက်နှင့် Print ထုတ်လိုက်ပါသည်။ ကြားထဲတွင် ဘယ်ခလုတ်ကို ဘယ်နှကြိမ်တိုးပေးပါဟု လုပ်၍မရသလို ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့် အကြိမ်အတိုင်းကိုပဲ စာရွက်တွင် ဖော်ပြပေးမည်ဖြစ်ပါသည်။

မဲရလဒ်စာရွက်ဖြတ်ပိုင်းပုံစံ




လူအယောက် ၁၀၀ က ခလုတ်တစ်ခုကို တစ်ကြိမ်နှိပ်ခဲ့ပါက ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့် အကြိမ်အားလုံး ပြန်ပေါင်းလိုက်သည့်အခါ အကြိမ် ၁၀၀ ရှိရမည် ဖြစ်ပါသည်။ မဲပေးစက်၏ လုပ်ဆောင်ပုံမှာ ဤသို့ဖြစ်သဖြင့် မဲရလဒ်ကို လိုသလိုအပြောင်းအလဲလုပ်နိုင်သည်ဟူသော ထင်မြင်ချက်သည် သံသယစိတ်သက်သက်သာဖြစ်မည်ဟု ယူဆမိပါသည်။ မဲရလဒ်ဖြတ်ပိုင်းပါ မဲရလဒ်များနှင့် မဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ တူညီမှုရှိ၊ မရှိကို မဲပေးစက် အသိပညာပေးသည့်အခါ စမ်းသပ်မဲပေးခြင်း အစီအစဉ်များတွင် လက်တွေ့ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ပါသည်။

### လက်တွေ့စမ်းသပ်မဲပေးခြင်း

မဲပေးစက်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်၍ ရွေးကောက်ပွဲတွင် လွယ်ကူစွာမဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ ရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မဲဆန္ဒရှင်စုစုပေါင်း တစ်သိန်းနှစ်သောင်းခန့်က ကိုယ်တိုင်လက်တွေ့စမ်းသပ် မဲပေးခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ လက်တွေ့ စမ်းသပ်မဲပေးစေခဲ့ရာတွင် မဲရလဒ်ဖြတ်ပိုင်းပါ တစ်ဦးချင်းမဲရလဒ်များနှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း တစ်ခုချင်း ရေတွက်မှု အရေအတွက်ကိုက်ညီကြောင်း မဲပေးစက်၏ မဲရလဒ်တိကျမှန်ကန်မှုကို လက်တွေ့ပြသနိုင်ခဲ့ပါသည်။ ထိုသို့အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲများမည်သည် မိမိဒေသ၊ မိမိရပ်ရွာ၏ အကျိုးကို မိမိတို့ကိုယ်စားတာဝန်ယူဆောင်ရွက်ပေးမည်ဟု ယုံကြည်လက်ခံသော ပုဂ္ဂိုလ်များအား မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ပေးရခြင်းဖြစ်ပါသည်။ ဤသို့ ရွေးချယ်ရာတွင် မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ ဆန္ဒမဲတစ်ခုသည် ပယ်မဲအဖြစ် အဟောသိကံ မဖြစ်သွားစေရေး၊ မဲမသမာမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်များကို တီထွင်အသုံးပြုရခြင်းဖြစ်ပြီး မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံ ရိုးရှင်းမှု၊ မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု၊ မဲရလဒ်များ ထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှုနှင့် မဲရလဒ်များ တိကျမှန်ကန်မှုတို့ကို မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်ပြီး လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတွင် ခလုတ်နှိပ်မဲပေးကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းနှင့် ဖူဆယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အသင်းများအား အောင်နိုင်ရေးအလံပေးအပ်



တောင်ကြီး ဩဂုတ် ၁၁

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်လက်ရွေးစင်အသင်းများအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

ဦးစွာ ရှမ်းပြည်နယ်မြန်မာ့သိုင်းလက်ရွေးစင်အသင်းနှင့် ဖူဆယ်လက်ရွေးစင်အသင်းတို့မှ အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အောင်မြင်မှုရရှိပြီး ပြည်နယ်၏ဂုဏ်ကိုဆောင်နိုင်အောင် ကြိုးစားကြရန် အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်မြန်မာ့သိုင်းလက်ရွေးစင်အသင်းနှင့် ဖူဆယ်လက်ရွေးစင်အသင်းအား အောင်နိုင်ရေးအလံ၊ ပြိုင်ပွဲကုန်ကျစရိတ် ချီးမြှင့်ငွေတို့ကိုပေးအပ်ရာ အသင်းအုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများက လက်ခံရယူပြီး ရှမ်းပြည်နယ်ဖူဆယ်အသင်းနှင့် မြန်မာ့သိုင်းအသင်းကိုယ်စား တာဝန်ရှိသူက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ၁၁ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၅၃ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသားကျောင်းသူ ၁၃၁၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၈၆၁ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၇၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၉၉ ဦးကို သွေးအမျိုးအစား စစ်ဆေးပေး၍ ငါးဦးကို ငှက်ဖျားပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၂၈ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## လင်းခေးမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

လင်းခေး ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် လင်းခေးမြို့နယ် ဝမ်ဟတ်အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် လင်းခေးမြို့နယ် ဝမ်ဟတ်နယ်မြေရဲတပ်ဖွဲ့ စခန်းမှ စခန်းမှူး ရဲအုပ်ခင်ဝင်းက ကျောင်းသား ကျောင်းသူများအား ဆိုင်ကယ်စီးနင်းလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း၊ မေးသိုင်းကြိုးတပ်ဆင်ခြင်း၊ ဆိုင်ကယ်နောက်ကြည့်မှန်များ တပ်ဆင်ခြင်းဖြင့် မောင်းနှင်စီးနင်းကြရန်၊ လမ်းစည်းကမ်းများ လိုက်နာမောင်းနှင်ကြရန်၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်တတ်သည့်အခါ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်ဥပဒေအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောပေးခဲ့ကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

## ပန်းဘဲတန်းမြို့နယ် GEC ပညာရေးသမဝါယမအသင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် GEC ပညာရေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် အထက-၁(ပန်းဘဲတန်း)၌ ကျင်းပသည်။



အခမ်းအနားတွင် ဥက္ကဋ္ဌ ဆရာကြီး ဦးစိုးဇေယျာငြိမ်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသင်း၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေပုံနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအတွင်းရေးမှူး ဦးစံလင်းက ဖတ်ကြားတင်သွင်းပြီး အသင်းသားတစ်ဦးဖြစ်သူ ဒေါ်ရည်သင်းဇော်က ထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူအတည်ပြုကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော အသင်းသားများအား အစုအပေါ် အမြတ်ငွေ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်းအစီအစဉ် ကျင်းပ



တိုက်ကြီး ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်းအစီအစဉ်ကို ယနေ့နံနက် ၉ နာရီခွဲတွင် အခြေခံပညာမူလတန်းလွန်ကျောင်း(လသာကုန်း)၌ ကျင်းပသည်။

ဦးစွာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၂၁၀ အား နွားနို့တိုက်ကျွေးသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(သရက်ချောင်း)မှ ကျောင်းသား ကျောင်းသူ ၂၇၀၊ အခြေခံပညာမူလတန်းကျောင်း(သစ်စု)မှ ကျောင်းသား ကျောင်းသူ ၇၃ ဦးတို့အား နွားနို့များ တိုက်ကျွေးခဲ့သည်။ တိုက်ကြီးမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်းအစီအစဉ်ကို နို့ပေါင်းစက်ငှားရမ်းခရရှိငွေဖြင့် အခြေခံပညာကျောင်းသုံးကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၀၀ အား တစ်လလျှင်နှစ်ကြိမ် လစဉ်တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ထရမ့်တို့အကြား ဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်၌ ကျင်းပမည်



ဝါရှင်တန် ဩဂုတ် ၁၁

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ထရမ့်တို့အကြား ဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက်တွင် အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်၌ ကျင်းပမည်ဖြစ်ကြောင်း သမ္မတ ထရမ့်က လူမှုမီဒီယာတွင် ပြောကြားခဲ့သည်။

ပြောကြား

၎င်းဆွေးနွေးပွဲသည် ရုရှား-ယူကရိန်းအရေး ငြိမ်းချမ်းရေး ရရှိရေးအတွက် အကူအညီပေးမည်ဟု ယူဆကြောင်း အလက်စကာပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ် လီဆာမာကိုစကီက ပြောကြားသည်။ ယခုဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကာ ဆွေးနွေးပွဲမှတစ်ဆင့် ရုရှား-ယူကရိန်းအရေး ပြီးစီးရေးအတွက် အကူအညီပေးမည်ဟု ယုံကြည်ကြောင်း မာကိုစကီက လူမှုမီဒီယာ အိက်စ်တွင် ပြောကြားသည်။

အလက်စကာပြည်နယ်သည် ကမ္ဘာ့ရေးရာများဆွေးနွေးရန် သင့်တော်သည့်ဒေသဖြစ်ပြီး တစ်ကမ္ဘာလုံးကလည်း ယခုဆွေးနွေးပွဲကို စောင့်ကြည့်နေကြကြောင်း အလက်စကာပြည်နယ် အုပ်ချုပ်ရေးမှူး မိုက်ခ်ဒန်လယ်ဗီက ပြောကြားသည်။

ကိုးကား - စပွတ်ညစ်

ဘာသာပြန် - စိုးသူရ

# လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် အစ္စရေးက စစ်စခန်းတည်ဆောက်

ဘေရွတ် ဩဂုတ် ၁၁

အစ္စရေး တပ်မတော်သည် လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် စစ်စခန်းတစ်ခုကို တည်ဆောက်နေကြောင်း လက်ဘနွန်တာဝန်ရှိသူများက ပြောကြားသည်။

လက်ဘနွန်နိုင်ငံ တောင်ပိုင်း နယ်စပ်ဒေသ ကီလတ်အယ်လ် မာကာဖိုင်တွင် စစ်စခန်း တည်ဆောက်ရေးအတွက် အစ္စရေး တပ်မတော်မှ မြေတူးစက်များ လုပ်ငန်းဆောင်ရွက်နေကြောင်း လက်ဘနွန် တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

လက်ရှိအချိန်တွင် အစ္စရေး ဘက်မှ မြေညှိခြင်းနှင့် ဘန်ကာများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း ဒေသခံများက ပြောကြားသည်။ ယင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အစ္စရေးတင့်ကားများက စောင့်ရှောက်မှုပေးနေကြောင်း သိရသည်။ အစ္စရေးနှင့် ဟဇ်ဘိုလာအဖွဲ့တို့အကြား ယမန်နှစ် နိုဝင်ဘာ ၂၇ ရက်က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့သော်လည်း လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဒေသများအား အစ္စရေးက ထိန်းသိမ်းထားကာ နယ်စပ်ဒေသတွင် တိုက်ခိုက်မှုများဆောင်ရွက်နေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ







# ဂျပန်ပင်လယ်စာထုတ်ကုန်များကို ကန့်သတ်ချက်ပယ်ဖျက်ရေး ဆောင်ရွက်

တိုကျို ဩဂုတ် ၁၁

ဂျပန်နိုင်ငံမှ တောင်ကိုရီးယား နိုင်ငံသို့ တင်သွင်းမည့် ပင်လယ်စာထုတ်ကုန်များကို ကန့်သတ်ချက်များပယ်ဖျက်ပေးရန် ဂျပန် စိုက်ပျိုးရေးဝန်ကြီး ကိုအိဇူမိ ရှင်ဂျီရိုက တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဟန်းအား ပန်ကြားခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနရုံး၌ တွေ့ဆုံဆွေးနွေးရာတွင် ၎င်းက အထက်ပါအတိုင်း ပန်ကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် ဖူကူရှီးမား ဒိုင်အီချီ နျူကလီးယားဓာတ်အားပေးစက်ရုံ မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် တောင်ကိုရီးယား နိုင်ငံက ဂျပန်နိုင်ငံမှ ပင်လယ်စာထုတ်ကုန်များ တင်သွင်းခြင်းကို ရပ်နားခဲ့သည်။

ဂျပန်ပင်လယ်စာ ထုတ်ကုန်များကို ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် တောင်ကိုရီးယား နိုင်ငံသားများ နှစ်သက်စွာ စားသုံးကြောင်း ဂျပန်စိုက်ပျိုးရေး ဝန်ကြီးက ပြောကြားသည်။ ဂျပန်ပင်လယ်စာ ထုတ်ကုန်များကို ကန့်သတ်ချက် ဖြေလျှော့ရေးအတွက် တောင်ကိုရီးယားတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၈-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၅ | ၃၀၁၀ | ၄၅၀၅ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| 95 Ron | ၂၉၉၅ | ၃၁၁၀ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၅၀ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၅ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၄၀၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၃၀ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၈၀ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၅ | ၂၈၄၀ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၃ | ၂၈၆၂ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၅၅၃ | ၂၆၃၄ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန



# မိုးညိုမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မိုးညို ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အထက(တောင်ဇင်း)သို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုးညိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုး ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက တောင်ဇင်းကျေးရွာအုပ်စုရှိ အထက(တောင်ဇင်း)၌ ကျောင်းသား ကျောင်းသူများအား သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ခြင်ပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

2025 August (12) International Youth Day

"Local Youth Actions For The SDGs And Beyond"

" လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့"



## ကြံခင်းမြို့နယ်၌ လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

ကြံခင်း ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ချင်းမြှောင်ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်ပညာရေးမှူးတို့က ဂုဏ်ပြုဝမ်းသာပီတိစကားပြောကြားသည်။ ၁၉၆၄ မှ ၁၉၈၈ ထိ လူရည်ချွန်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့် (တက္ကသိုလ်စိုးစံ)မှ လူရည်ချွန်ဂုဏ်ပြုပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ဂုဏ်ပြုချီးမြှင့်

ဆက်လက်၍ ဂုဏ်ပြုပွဲကို ဆက်လက်ကျင်းပရာ ကျောက်တိုင်ကျောင်းတိုက်ဆရာတော်နှင့် ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Asia Square Power Group Co., Ltd. ဥက္ကဋ္ဌ ဒေါ်မိမိခင်နှင့် Mother သောက်ရေသန့်လုပ်ငန်းရှင်၊ ဖြိုးစည်သူကုမ္ပဏီနှင့် မြို့နယ်အတွင်း လုပ်ငန်းရှင်များက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကြံခင်းမှ Grade-12 နှင့် Grade- 10 တို့တွင် နှစ်ကြိမ်တိုင်တိုင် လူရည်ချွန်ရရှိခဲ့သော မောင်စစ်သွေးညီနှင့် Grade-11 နှစ်ထပ်ကွမ်းလူရည်ချွန် မအိမ့်ချစ်သဲနှင့် Grade-10 လူရည်ချွန် မခွန်းချိုသာဇော်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ချင်းမြှောင်မှ Grade-12 နှင့် Grade-10 တို့တွင် နှစ်ကြိမ်တိုင် လူရည်ချွန် ရရှိခဲ့သော မမြတ်ထူးထူးနိုင်နှင့် Grade-9 လူရည်ချွန် မောင်သော်ဇင်လင်း၊ အခြေခံပညာအထက်တန်းကျောင်း(ဘက်ရဲ)မှ Grade-10 လူရည်ချွန် မောင်လင်းလင်းဘုန်းလူနှင့် Grade-9 လူရည်ချွန် မယောဟဏီသွင်ခနစ်ဦးတို့အား ဂုဏ်ပြုဆုများနှင့် လက်ဆောင်ပစ္စည်းများ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရောဦးသာ

## လမ်းမတော်မြို့နယ်၌ နေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အတွင်းသို့ နေရပ်စွန့်ခွာ၍ ပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာ၊ ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးစံကျော်တို့က အမှာစကားပြောကြားသည်။



ဆက်လက်၍ လမ်းမတော်မြို့နယ်အတွင်းသို့ နေရပ်စွန့်ခွာ၍ ပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## ဟင်္သာတမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

ဟင်္သာတ ဩဂုတ် ၁၁

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ်၌ ၂၀၂၅ ခုနှစ် အဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် (ဒုတိယပတ်) လှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းက ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမနှင့် အခြေခံပညာကျောင်းများ၌ ကျင်းပသည်။

### ဆောင်ရွက်ပေး

ဦးစွာ ငါးနှစ်အောက်ကလေးများအား စာရင်းရေးသွင်းခြင်းနှင့် သက်ဆိုင်ရာအလိုက် တာဝန်ရှိသူများက လက်မောင်းလုံးပတ်တိုင်းတာခြင်းတို့ ဆောင်ရွက်ကြပြီး လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးကြသည်။



အခမ်းအနားတွင် ဟင်္သာတခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဦးက အမှာစကား ပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင်က ဗီတာမင်အေ ချို့တဲ့ရောဂါနှင့် သန်ကောင်ရောဂါ အကြောင်း သိကောင်းစရာများကို ရှင်းလင်း ဟောပြောသည်။ ထို့နောက် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးခြင်းနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြသည်။ ထို့နောက် ဟင်္သာတမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းတို့တွင် KG ကျောင်းသားကျောင်းသူများအတွက် ကျောင်းတွင်း အာဟာရ ချက်ပြုတ်ပြင်ဆင်ထားရှိမှုများနှင့် ကလေးငယ်များအား စနစ်တကျကျွေးမွေးဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။

## ဖျာပုံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဆောင်ရွက်



ဖျာပုံ ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့တွင်းစတိုးဆိုင်များ၌ ကွင်းဆင်းဆောင်ရွက်သည်။

### အသိပညာပေးဟောပြော

ထိုသို့ဆောင်ရွက်ရာတွင် ဖျာပုံခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စတိုးဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အကြောင်းအရာများကို စတိုးဆိုင်အရောင်းဝန်ထမ်းများအား အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံမှုရှိစေရေး၊ လျှပ်စစ်မီးသွယ်တန်းမှု စနစ်တကျ ရှိ/မရှိ၊ မီးသတ်ဆေးဘူးများ အသင့်ထားရှိရန်နှင့် မီးသတ်ဆေးဘူး အသုံးပြုနည်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးထားမှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးထားမှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေး၊ ကသာ၊ ကောလင်း၊ ကန့်ဘလူ၊ ခန္တီး၊ စစ်ကိုင်း၊ ရွှေဘို၊ ရေဦး၊ မော်လိုက်၊ ဟုမ္မလင်းစသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးထားမှုအခြေအနေ၊ အတိုးငွေများပြန်လည်ရရှိမှုနှင့် ချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက ခရိုင်၊ မြို့နယ်များအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးထားမှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## မကွေးမြို့၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မကွေး ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်ဘဏ္ဍာများ အပြည့်အဝကောက်ခံရရှိရေးအတွက် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက မကွေးမြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မကွေးမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်က တက်ရောက်လာသည့် အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများသိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များတက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## စဉ့်ကိုင်မြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက် လျက်ရှိသည့် ကျေးလက်လမ်းလုပ်ငန်းများကို ယမန်နေ့မွန်းလွဲပိုင်းက မန္တလေး တိုင်းဒေသကြီး ကျေးလက်လမ်း



ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျဝင်း နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကင်းလပ်-မြောက်တောကြီး-တအုံ ကျေးရွာချင်းချိတ်ဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ညောင်ပင်ကြီး- ထန်းသုံးပင်-ကင်းလပ် ကျေးရွာချင်းချိတ်ဆက်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို စစ်ဆေးကာလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်ပွဲ ကျင်းပ



**ဓနုဖြူ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက အမှတ်စဉ် (၁/၂၀၂၅) ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အမှတ်(၃၃)စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးသန်းဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၁ ရက်မှ ၂၂ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၂၅ ဦးတက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အခြေခံမော်တာစက်ချုပ်သင်တန်းဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ အခြေခံမော်တာ စက်ချုပ်သင်တန်း အမှတ်စဉ်(၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ) သင်တန်းခန်းမ၌ ကျင်းပသည်။



ဦးစွာအလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဌာနခွဲမှ သင်တန်းနည်းပြဆရာ နှစ်ဦးနှင့် ပြင်ပသင်တန်းနည်းပြဆရာ တစ်ဦး စုစုပေါင်း သုံးဦးတို့က ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၄၀ ဖြင့် ဩဂုတ် ၁၁ ရက်မှ ၂၂ရက်အထိ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မြင့်ရီ

## ပုသိမ်တက္ကသိုလ်၌ ရေချိုပုစွန်တုပ်ကြီးသားဖောက်ခြင်း သင်တန်းပို့ချ

**ပုသိမ် ဩဂုတ် ၁၁**

ပုသိမ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံ အထူးပြု ကျောင်းသား ကျောင်းသူများ လက်တွေ့လုပ်ငန်းခွင် အသုံးချဆောင်ရွက်နိုင်မှု စွမ်းရည်မြင့်မားစေရန်အတွက် ရေချိုပုစွန်တုပ်ကြီးသားဖောက်ခြင်း လက်တွေ့သင်တန်းကို အဏ္ဏဝါသိပ္ပံဌာန၌ သင်ကြားပို့ချ လျက်ရှိကြောင်း သိရသည်။



**ဖြည့်ဆည်းဆောင်ရွက်**

ပုသိမ်တက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားသော Worldview International foundation (WIF) Myanmar ၏ ကူညီပံ့ပိုးမှုဖြင့် ရေချိုပုစွန်တုပ်ကြီးသားဖောက်ခြင်း လက်တွေ့သင်ကြားပို့ချမှုကို ပုသိမ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန၌ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၀ ရက်အထိ တစ်လကြာ ဆောင်ရွက်လျက်ရှိပြီး ပုသိမ်တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်နှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပွင့်လန်းသာယာ လန်ချန်း - မဲခေါင် ဂေဟာ ရုပ်သံမှတ်တမ်းအစီအစဉ် ရိုက်ကူးမည့် တရုတ်နိုင်ငံ ကွမ်ရှီး ရုပ်သံရိုက်ကူးရေးအဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ



ရန်ကုန် ဩဂုတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ နန်နင်းမြို့ ကွမ်ရှီး အသံလွှင့်နှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းပြီး ပွင့်လန်း သာယာ လန်ချန်း – မဲခေါင်ဂေဟာ ရုပ်သံမှတ်တမ်း အစီအစဉ်ကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ရိုက်ကူးကြမည်ဖြစ်သည်။

အဆိုပါ ရုပ်သံမှတ်တမ်းကို ပူးပေါင်းရိုက်ကူး မည့် တရုတ်နိုင်ငံ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြား ဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Yang Chun ဦးဆောင်သည့် အဖွဲ့ဝင် ခုနစ်ဦးပါအဖွဲ့သည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင် သံကြား (ရန်ကုန်)မှ တာဝန်ရှိသူများက ကြိုဆိုကြ သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီး အသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနတို့ ပထမဦးဆုံး အကြိမ်ပူးပေါင်း၍ စီစဉ်ရိုက်ကူးကြမည်ဖြစ်ပြီး မဲခေါင် – လန်ချန်း ခြောက်နိုင်ငံတို့ အတူတကွ ပူးပေါင်း စီစဉ်ဆောင်ရွက်မှုဖြစ်သကဲ့သို့ တရုတ် – မြန်မာ ဆွေမျိုး ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနိုင်ရန်အတွက် စီစဉ်ရိုက်ကူးခြင်းဖြစ်ကြောင်း၊ အဆိုပါ ရိုက်ကူးရေး အဖွဲ့သည် တရုတ်နိုင်ငံတွင် လုပ်ငန်းထူးချွန်မှုအမြင့် ဆုံးဆု ရရှိထားပြီး နေပြည်တော်နှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်တွင် ရိုက်ကူးကြမည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့နှင့်လည်း တွေ့ဆုံမေးမြန်း ရိုက်ကူးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာ–တရုတ် နှစ်နိုင်ငံ မီဒီယာတို့ ပူးပေါင်း ဆောင်ရွက်မှုကဏ္ဍအသစ်တစ်ခု ဖြစ်ကြောင်းလည်း သိရသည်။

သတင်းစဉ်



## နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုဦး ကြီးကြပ်၍ လဝကမှူး ဦးညီညီဦးဆောင်သည့်အဖွဲ့က မြို့နယ်အတွင်း နေထိုင်ကြသော အသက် ၁၇ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေး ကတ်ပြားမရှိသူများအား ပန်းခင်းစီမံချက်(၃)ဖြင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက်အတွင်း နေထိုင်ကြသော အသက် ၁၇ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား ဆောင်ရွက်ပေးခြင်းဖြစ် ကြောင်း သိရသည်။

သက်မင်းဟန်(ပြန်/ဆက်)

## မြဝတီမြို့ရှိ အခြေခံလူတန်းစားပြည်သူများအား စားသောက်ကုန်ပစ္စည်းများဖြန့်ဝေလှူဒါန်း



မြဝတီ ဩဂုတ် ၁၁

ကရင်ပြည်နယ် မြဝတီမြို့ရှိ အခြေခံလူတန်းစား ပြည်သူများ အား စားဝတ်နေရေး အဆင်ပြေ စေရန်ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီတွင် ရှေးဟောင်းသမိုင်းဝင် ရွှေမြင်းဝန်စေတီတော်အတွင်းရှိ သာသနာ့ ဟိတကာရီဗိမာန်တော် ၌ မြန်မာနိုင်ငံဆန်စပါးကုန်သည် များအသင်း ခရိုင်အသင်းခွဲ (မြဝတီ) က ဆန်၊ ခေါက်ဆွဲခြောက်ထုပ်များ ကို ပြည်သူများ၏ လက်ဝယ် အရောက် ဖြန့်ဝေလှူဒါန်းကြ သည်။

ထိုသို့ လှူဒါန်းရာတွင် မြဝတီမြို့ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်(၂)ဦးစိန်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော် မော်အောင်၊ စည်ပင်သာယာရေး အဖွဲ့၊ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ကျော် ဦး၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဝင်းနိုင်တို့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင် သော ပူးပေါင်းအဖွဲ့များနှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်း ခရိုင်အသင်းခွဲ (မြဝတီ) ဥက္ကဋ္ဌ ဦးသိန်းနိုင် ဦးဆောင်ကာ အသင်းသူ အသင်းသားများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ရပ်ကွက် ငါးခုရှိ အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ကီလိုအိတ် တစ်အိတ်၊ ခေါက်ဆွဲခြောက် သုံးထုပ်စီဖြင့် အိမ်ထောင်စု ၁၀၀၀ အတွက် ငွေကျပ် ၁၆၅ သိန်းတန်ဖိုးရှိ စားသောက်ကုန် ပစ္စည်းများကို ပြည်သူများ၏ လက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရ သည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

## နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား UID စနစ်ဖြင့် Smart Card များ ဆောင်ရွက်ပေး



ထားဝယ် ဩဂုတ် ၁၁

နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစား များတွင် လိုအပ်လျက်ရှိသည့် UID(Unique Identity)စနစ်ဖြင့် Smart Card ထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ထားဝယ်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယမန်နေ့မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ ရပ်ကွက်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထားဝယ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဆန်းချီ၊ အိုးလုပ်၊ ကညို့ ရပ်ကွက်များအတွင်းရှိ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား UID စနစ် ဖြင့် Smart Card ဆောင်ရွက်ပေးနေမှုကို ထားဝယ်မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်မြို့နယ်မှူး ဦးအောင်မြင့်က ကြည့်ရှုအားပေးပြီး လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ပန်းခင်း စီမံချက်အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ယနေ့ နံနက် ၁၀ နာရီက ညောင်ပင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးကျော်က နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေး ကတ်ပြား ကိုင်ဆောင်နိုင်ရေး အသိပညာပေး ပြောကြားသည်။ ထို့နောက် ပန်းခင်းစီမံချက်ဖြင့် ထုတ်ပေးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်း ၂၁ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၅ ကတ်ကို တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး ဂဏန်း ၁၀ လုံးပါဝင် သည့် UID ကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန် များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြု နားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်း ထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန် များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင် စီမံ ထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝ ဘေးအန္တရာယ်များမှကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူ ထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချ ထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေး ကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံ ထားရန်၊

(၇) ရေဘေးအန္တရာယ် ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက် ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန် ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

**တောစုံမြိုင်**

တောင် တောရယ် သာ
မာလာက ငုံဖူး။
တစ်ပင်ကို နှစ်ပင်ယှက်တယ်
ကျေးငှက်က မြူး။

**အမည်မသိ ရှေးစာဆို**

ဒီကဗျာလေးက တောတောင်ရဲ့အလှ ကို ပြောပြထားတာပါခင်ဗျာ။

**"တောင် တောရယ် သာ"** ဆိုတာက တောင်တွေ၊ တောတွေက အလွန်လှ၊ သာယာတယ်လို့ ပြောတာပေါ့။ စိမ်းစိမ်းစိုစိုနဲ့ အေးချမ်းပြီး ကြည့်လို့ကောင်းတယ်။

**"မာလာက ငုံဖူး"** ဆိုတာက ပန်းလေးတွေက မပွင့်သေးဘဲ ငုံတုန်းလေးတွေရှိသေးတယ်။ လှပဖို့အတွက် အဆင်သင့်ဖြစ်နေပြီ။

**"တစ်ပင်ကို နှစ်ပင်ယှက်တယ်"** ဆိုတာက သစ်ပင်တစ်ပင်နဲ့ တစ်ပင်ဟာ အကိုင်းအခက်တွေယှက်နွှယ်ပြီး ထပ်နေတယ်လို့ ဆိုလိုပါတယ်။ တောအုပ်တွေထဲမှာ သစ်ပင်တွေက အများကြီးရှိတော့ အကိုင်းတွေက တစ်ခုနဲ့တစ်ခု ရောထွေးနေတာပေါ့။

**"ကျေးငှက်က မြူး"** ဆိုတာက တောတောင်တွေ သာယာတော့ ငှက်ကလေးတွေက ပျော်လို့ ပျံသန်းနေကြတယ်၊ သီချင်းဆိုနေကြတယ်လို့ နားလည်ရပါတယ်။ တောတောင်ရဲ့ ရှုခင်းကို ပန်းချီကားတစ်ချပ်လို ပုံဖော်ပေးထားပါတယ်ခင်ဗျာ။

မြန်မာနိုင်ငံမှာ ငှက်ချစ်သူတွေအတွက် ငှက်ကြည့်လို့ကောင်းတဲ့ နေရာတွေ အများကြီးရှိပါတယ်။ သဘာဝပတ်ဝန်းကျင် အလွန်လှတယ်။

အထင်ရှားဆုံး နေရာတွေထဲက အင်းလေးကန်က နာမည်ကြီးတယ်။ **အင်းလေးကန်**မှာဆိုရင် ဒေသရင်းငှက်တွေအပြင် ဆောင်းခိုငှက်တွေလည်း အများကြီးလာရောက်ကြတယ်။ ရေငှက်မျိုးစုံကိုတွေ့ရတယ်။

**နတ်မတောင် အမျိုးသားဥယျာဉ်** (ချင်းပြည်နယ်) မှာဆိုရင်လည်း တောင်ပေါ်ဒေသ ရှားပါးငှက်မျိုးစိတ်တွေကို တွေ့နိုင်တယ်။

**မိန်းမလှကျွန်း** (ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်) တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောလိုနေရာမျိုးတွေမှာဆိုလည်း ကမ်းရိုးတန်းနဲ့ ဒီရေတောတွေမှာနေတဲ့ ငှက်မျိုးစိတ်တွေကို တွေ့ရတယ်။

ရန်ကုန်မြို့နဲ့မနီးမဝေး **လှော်ကား သဘာဝဥယျာဉ်**ထဲမှာ ငှက်အမျိုးမျိုးကို တွေ့နိုင်သေးတယ်နော်။

ငှက်ကြည့်တယ်ဆိုတာ ပျော်စရာကောင်းတဲ့ အပန်းဖြေစရာနည်းလမ်းတစ်ခုပါ။ အာရှနိုင်ငံတွေမှာဆိုရင်လည်း ငှက်ကြည့်ရတာ အလွန်ရေပန်းစားတယ်။ ငှက်ကြည့်တယ်ဆိုတာ ငှက်လေးတွေရဲ့အလှကို ကြည့်ရုံတင်မကဘူး၊ သဘာဝတရားကြီးရဲ့အလှကိုလည်း မြင်ရတာပေါ့နော်။ ပျော်စရာကောင်း၊ ဗဟုသုတလည်းရ၊ မျက်စိလည်းအနားရ၊ စိတ်လည်းကြည်လင်စေတာပေါ့ ခင်ဗျာ။

**Writing Practice**

The poem, "Forest Full of Life", was written by အမည်မသိ ရှေးစာဆို (an unknown ancient poet).

**Nature's Beauty & Bird Watching**

- The Myanmar poem **"Forest Full of Life"** paints a picture of nature's beauty.
- It describes lovely mountains and forests, flowers blooming, trees with intertwined branches, and happy birds playing.
- The poem shows how beautiful the natural world is with its plants and animals.
- Myanmar is also a fantastic place for bird watching, with its diverse landscapes.
- Popular spots include Inle Lake for water birds, Nat Ma Taung National Park for rare mountain species, and Meinmahla Kyun for coastal birds.
- Even near Yangon, Hlawga National Park offers great bird-watching opportunities.
- Bird watching is a fun, relaxing, and educational way to connect with nature's wonders.

အရေးကြီးဆုံး စာကြောင်းနှစ်ကြောင်းကို ရှင်းပြပေးထားပါတယ် –

**1. The Myanmar poem "Forest Full of Life" paints a picture of nature's beauty.**

- **ရှင်းပြချက် (Grammar):** ဒီဝါကျက **"Forest Full of Life"** ဆိုတဲ့ မြန်မာကဗျာက သဘာဝအလှကို ပုံဖော်ပေးတယ်လို့ ပြောတာပါ။
  - o "The Myanmar poem 'Forest Full of Life'" က **subject (ကတ္တား)** ပေါ့။ ဘယ်သူ၊ ဘာလုပ်တယ်ဆိုတဲ့ အဓိကအရာပေါ့။
  - o "paints" က **verb (ကြိယာ)**၊ သူက ဘာလုပ်လဲဆိုတဲ့ လုပ်ဆောင်ချက်ကို ပြတာ။ ဒီမှာက 'ပုံဖော်တယ်'ပေါ့။
  - o "a picture of nature's beauty" က object (ကံ)၊ ဘာကို ပုံဖော်လဲဆိုတာကို ပြောတာပါ။ "nature's beauty" မှာ 's' လေးက 'ရဲ့' လို့ အဓိပ္ပာယ်ရပြီး သဘာဝရဲ့ အလှဆိုတာကို ပြတယ်။

**2. Myanmar is also a fantastic place for bird watching, with its diverse landscapes.**

- **ရှင်းပြချက် (Grammar):** ဒီဝါကျက မြန်မာနိုင်ငံဟာ ငှက်ကြည့်ဖို့အတွက် အလွန်ကောင်းတဲ့နေရာဖြစ်ကြောင်း၊ နေရာဒေသတွေ အမျိုးမျိုးရှိကြောင်း ပြောတာပါ။
  - o "Myanmar" က **subject (ကတ္တား)** ပေါ့။ အဓိက ဘာကိုပြောချင်တာလဲဆိုတော့ မြန်မာနိုင်ငံကိုပေါ့။
  - o "is" က **linking verb (ဆက်စပ်ကြိယာ)**၊ မြန်မာနိုင်ငံက ဘာလဲဆိုတာကို ဆက်ပေးတာ။
  - o "a fantastic place" က **complement (ဖြည့်ဖက်)**၊ မြန်မာနိုင်ငံကို ဖော်ပြတဲ့စကားလုံးအုပ်စုပေါ့။ 'အလွန်ကောင်းတဲ့နေရာ' လို့ အဓိပ္ပာယ်ရတယ်။
  - o "for bird watching" က "ဘာအတွက်လဲ" ဆိုတဲ့ **အကြောင်းပြချက် (prepositional phrase)** ကို ပြောတာ။ "bird watching" က "ငှက်ကြည့်ခြင်း" ဆိုတဲ့ noun တစ်ခုလိုပဲ သုံးထားတာ။
  - o "with its diverse landscapes" ကတော့ **အပိုဆောင်းအချက်အလက် (prepositional phrase)** ပေါ့။ မြန်မာနိုင်ငံမှာ ရှုခင်းအမျိုးမျိုးရှိတယ်ဆိုတာကို ဖြည့်စွက်ပေးတာ။ "its" က "သူ့ရဲ့" လို့ အဓိပ္ပာယ်ရပြီး မြန်မာနိုင်ငံရဲ့ ရှုခင်းတွေလို့ဆိုလိုတာ။

Forests – သစ်တောများ| Flowers – ပန်းများ| Birds – ငှက်များ| Natural world – သဘာဝကမ္ဘာ| Plants – အပင်များ| Animals – တိရစ္ဆာန်များ| Diverse landscapes – မတူညီသောရှုခင်းများ| Rare mountain species – တောင်ပေါ်ရှားပါးမျိုးစိတ်များ| Coastal birds– ကမ်းရိုးတန်းငှက်များ| Fun – ပျော်စရာ| Relaxing – စိတ်အပန်းဖြေစရာ| Educational – ပညာပေးသော| Nature's wonders – သဘာဝ၏ အံ့ဖွယ်များ| Bird watching – ငှက်ကြည့်ခြင်း

# စကားလုံးပိုနေသည့်အမှားများ

**လှသမိန်**

**မြန်မာစာရေးသားရာ၌ စကားလုံးများလိုအပ်သည်ထက် ပို၍နေခြင်းသည် ရေးရာ၌ အကြောင်းမဲ့ပင်ပန်းရုံသာမက ဖတ်ရှုရာ၌ ထောင့်နေစေပြီး အဓိပ္ပာယ်ယူဆရာ၌ ခက်ခဲလွဲချော်စေတတ်ပေသည်။ မသုံးမဖြစ်သောစကားလုံးများကို ရွေးစစ်၍ရေးသားခြင်းသည် စနစ်ကောင်းပင်ဖြစ်ပေသည်။ အောက်တွင် စကားလုံးပို၍မပြေပြစ်သော အမှားမျိုးကို ဖော်ပြထားသည်။**

**က**

**အမှား။** ဤသူသည် **အမြဲအစဉ်**သဖြင့် **တွေဝေ၊ လေးဖင့်၊ ဆိုင်းငံ့**၍ **အကြောင်းရှာ ကပ်ကိုး ယိုးမယ်ဖွဲ့** တတ်သူဖြစ်သည်။

**အမှန်။** ဤသူသည် **အမြဲလေးဖင့်၍ ယိုးမယ်ဖွဲ့**တတ်သူ ဖြစ်သည်။

**ပြင်ဆင်ချက်။** (အမြဲ)သည် (အစဉ်)နှင့် မခြားလှချေ။ ထိုနည်းတူပင် (တွေဝေ) လေးဖင့် ဆိုင်းငံ့တို့သည် လည်းကောင်း၊ (အကြောင်းရှာ) (ကပ်ကိုး) (ယိုးမယ်ဖွဲ့) တို့သည် လည်းကောင်း၊ ဆင်တူစကားလုံးများပင်ဖြစ်သည်။ အသေးစိတ်ခွဲခြားပြဆိုရန်မလိုပါက အများအပြားထပ်ဆင့်၍ မသုံးဘဲ လုံလောက်ခဲ့လျှင် စကားပိုထပ်ခြင်း မပြုသင့်ချေ။

**ခ**

**အမှား။** အဆိုကို လုပ်သားပြည်သူ **အပေါင်းအားလုံးက** ထောက်ခံလာကြ၏။

**အမှန်။** အဆိုကို လုပ်သားပြည်သူ**အားလုံး**က ထောက်ခံကြ၏။

**ပြင်ဆင်ချက်။** (အားလုံး)ပါရှိနေလျှင် (အပေါင်း)ကိုထည့်ရန် မလိုတော့ချေ။ ဆိုလိုရင်း အဓိပ္ပာယ်ငုံမိပြီးဖြစ်၍ စကားပိုကို ဖြုတ်သင့်သည်။

**ဂ**

**အမှား။** သူပြောလိုချင်သည်မှာ ဤ**အတိုင်းမျှသာ** ပင်ဖြစ်၏။

**အမှန်။** သူပြောလိုသည်မှာ ဤအတိုင်း**ပင်**ဖြစ်၏။

**ပြင်ဆင်ချက်။** (လို)ပါပြီးလျှင် (ချင်)မလိုတော့ပေ။ (ပင်)ကို သုံးရုံမျှနှင့် (မျှ) (သာ)တို့မှာလည်း ပါပြီးဖြစ်တော့သည်။ ထို့ကြောင့် ပိုနေသောစကားတို့ကို ဖြုတ်ထားသည်။

**ဃ**

**အမှား။** ကျွန်တော် သူ့ကို **မယုံသင်္ကာမကင်း**ဖြစ်သည်။

**အမှန်။** ကျွန်တော် သူ့ကို **မယုံသင်္ကာ**ဖြစ်သည်။

**ပြင်ဆင်ချက်။** သင်္ကာမကင်းဖြစ်သည်၊ သို့မဟုတ် မယုံသင်္ကာဖြစ်သည်ဟု တစ်နည်းနည်းသုံးနိုင်သည်။ (မ) နှစ်လုံး ဆက်စပ်ခြင်းကြောင့် မယုံသင်္ကာကင်းသည်၊ ယုံကြည်သည်ဟု အဓိပ္ပာယ်မှားယွင်းနိုင်သည်။

**င**

**အမှား။** သူကြီးသည် မီးရထားမမီ၍ စိတ်ပျက်စွာ**နှင့်** ပြန်လာသည်။

**အမှန်။** သူကြီးသည် မီးရထားမမီ၍ စိတ်ပျက်စွာ ပြန်လာသည်။

**ပြင်ဆင်ချက်။** (စွာ)ဟူသော ကြိယာဝိသေသန စကားဆက်ရှိပြီး၍ (နှင့်)မှာ အပိုဖြစ်နေသောကြောင့် ဖြုတ်ပယ်ခြင်းဖြင့် မှန်ကန်စေသည်။

**စ**

**အမှား။** ဤထက်ကောင်းသော စာအုပ်ကို သူရေးနိုင်**လေ**သည်ကား မဟုတ်ချေ။

**အမှန်။** ဤထက်ကောင်းသောစာအုပ်ကို သူရေးနိုင်သည်ကား မဟုတ်ချေ။

**ပြင်ဆင်ချက်။** အဆုံးသတ်အဖြစ် သုံးသောကြိယာမဟုတ်ပါက (လေ)(ပေ) စသော ကြိယာအဖြည့်များကို သုံးရန်မလိုချေ။ ထိုကြိယာနှင့် ဝါကျဆုံးပါက သုံးနိုင်သည်။ ဥပမာ– ဤထက်ကောင်းသော စာအုပ်ကို သူရေးနိုင်(လေ)သည်။

**ဆ**

**အမှား။** လေ့ကျင့်ခန်းကို အကြိမ်များစွာ လေ့ကျင့်ရန် မမေ့သင့်**အပ်**ပေ။

**အမှန်။** လေ့ကျင့်ခန်းကို အကြိမ်များစွာ လေ့ကျင့်ရန် မမေ့သင့်ပေ။

**ပြင်ဆင်ချက်။** (သင့်)နှင့်(အပ်)သည် အဓိပ္ပာယ်ဆင်တူဖြစ်သောကြောင့် တစ်ခုကိုသုံးလျှင် လုံလောက်ပြီဖြစ်သောကြောင့် တစ်ခုကို ချန်လှပ်ထားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။**







❂ ကျောဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

